
www.burmeseclassic.com



ကျောင်းပြင်ပပညာရေးလုပ်ငန်းကော်မတီ
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့
၁၉၉၉ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တို့နိုင်ငံတော် | ၁ |
| ၂။ | နိုင်ငံသားကောင်းဟူသည် | ၅ |
| ၃။ | ဘိုးဘွားအမွေထိန်းသိမ်းကြစို့ | ၁၈ |
| ၄။ | အတွက်အချက်များ | ၁၆ |


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)
## တို့နိုင်ငံတော်

ရည်မှန်း ၁။ တို့နိုင်ငံတော်အကြောင်း ပတ်ဝန်းကျင်နှင့် ဆက်နွယ်မှုများ ဆွေးနွေးခြင်း

၁။ ပေးထားသောမြေပုံနှင့် အချက်အလက်များကိုကြည့်၍ သင်၏နိုင်ငံ အကြောင်းပြောပါ။



www.burmeseclassic.com

www.burmeseclassic.com

- ပြည်ထောင်စုမြန်မာနိုင်ငံ
- ပြည်နယ်(၇)ခု၊ တိုင်း(၇)တိုင်းတို့ဖြင့် ဖွဲ့စည်းထားသည်။
- ပြည်နယ်များမှာ ကချင်၊ကယား၊ကရင်၊ချင်း၊မွန်၊ရခိုင်၊ရှမ်း။
- တိုင်းများမှာ– စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ။
- အာရှတိုက်တွင် တည်ရှိသည်။
- စတုရန်းမိုင်ပေါင်း နှစ်သိန်းခြောက်သောင်း (၂၆၀၀၀၀)ကျော် ကျယ်ဝန်းသည်။

BURMESE CLASSIC .com

- စိုက်ပျိုးရေးနိုင်ငံ
- ဆန်စပါး၊ ကောက်ပဲသီးနှံ၊ ကျွန်း၊ ပျဉ်းကတိုး၊ ရေနံ၊ ပတ္တမြား၊ ကျောက်စိမ်း စသည်တို့ ထွက်ရှိသည်။
- တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ကြသည်။

၂။ <u>အောက်ပါမေးခွန်းများကိုဖြေပါ။</u>

(၁) သင်သည် မည်သည့်မြို့နယ်နှင့်ရွာ၌ နေထိုင်ပါသနည်း။

(၂) သင်နေထိုင်သော ရွာ/မြို့သည် မည်သည့် ပြည်နယ်နှင့် တိုင်းတွင် တည်ရှိသနည်း။

(၃) သင်၏မြို့/ရွာတွင် မည်သည့်တိုင်းရင်းသား လူမျိုးများနေထိုင်ကြပါသနည်း။

(၄) ဤမြို့/ဤရွာ၌ မည်သည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြသနည်း။

(၅) သင်၏ရွာတွင် ရာသီအလိုက် မည်သည့်ပွဲတော်များ ကျင်းပပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com

## လုပ်ငန်း ၂။ တိုင်းရင်းသားလူမျိုးများအကြောင်းဖတ်ခြင်းနှင့် ဆွေးနွေးခြင်း

၁။ ဖတ်ပါ။

ကျွန်ုပ်တို့၏နိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ကျွန်ုပ် တို့၏နိုင်ငံကို ပြည်နယ်(၇)ခု၊တိုင်း(၇)တိုင်းတို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများစွာ နေထိုင်ကြသည်။ နေထိုင်ကြသည့်ဒေသ၏ တောတောင် ရေမြေ၊ ရာသီဥတု အစရှိသည့် သဘာဝအခြေအနေကိုလိုက်၍ ဝတ်ပုံ၊ စားပုံ၊ ပြောဆိုပုံ၊ နေထိုင်ပုံစသည်တို့ အနည်းငယ်ကွဲပြားခြားနားကြသည်။ တိုင်းရင်းသားလူမျိုးများတွင် ကချင်၊ကယား၊ ကရင်၊ ချင်းတို့ ပါဝင်သည်။ ရခိုင်၊ရှမ်း၊မွန်၊မြန်မာတို့လည်း ပါဝင်သည်။ ပလောင်၊ နာဂ၊ လီဆူးသွေးချင်းတို့လည်းရှိသေးသည်။ အခြားတိုင်းရင်းသားများလည်း ရှိသေးသည်။ တိုင်းရင်းသားအားလုံးသည် သွေးမျိုးသားချင်းများဖြစ်၍ အခြေခံယဉ်ကျေးမှုတွင် တူညီကြသည်။ တစ်မြေထဲနေတစ်ရေထဲသောက် အတူလက်တွဲ နေထိုင်ကြသည်။ စည်းလုံးညီညွတ်မှုသည် နိုင်ငံ၏အင်အားဖြစ်သည်။ စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို အလေးအမြတ် ထားကြရမည်။ ပြည်ထောင်စု အလံတော်အောက်တွင် သွေးစည်းကြ၍ ပြည်ထောင်စု ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရမည်။

BURMESE CLASSIC .com

၂။ အောက်ပါတို့ကိုဖတ်ပါ။ မှန်သည် နှင့် မှားသည် ကို ခွဲခြားပြောပါ။

(က) ကျွန်ုပ်တို့၏နိုင်ငံကို ပြည်နယ်(၇)ခု၊ တိုင်း(၇)တိုင်းတို့ဖြင့် ဖွဲ့စည်းထားသည်။

(ခ) မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး အနည်းငယ်သာရှိသည်။

(ဂ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံသားတိုင်း တာဝန်ရှိသည်။

၃။ အောက်ပါစကားလုံးများဖြင့် ဝါကျ(၅)ကြောင်း ရေးသားပါ။

တိုင်းရင်းသား ၊ ယဉ်ကျေးမှု ၊ စိတ်ဓာတ် ၊ ဖွံ့ဖြိုး ၊ စည်းလုံး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)
## နိုင်ငံသားကောင်းဟူသည်

လုပ်ငန်း ၃။ နိုင်ငံသားကောင်းဟူသော အချက်အလက် ဆွေးနွေးခြင်း

၁။ ဖတ်ပါ။

ဘကြီးမှုန်သည် မြို့ငယ်သာရွာတွင် နေထိုင်သော ကျောင်းဆရာဟောင်း တစ်ဦးဖြစ်သည်။ ဗဟုသုတ အကြားအမြင်များသူဖြစ်သည်။ အားလပ်ချိန်တိုင်းတွင် ရွာရှိလူငယ်လူရွယ်များအား ဗဟုသုတ ရယ်ရာများကို ပြောပြလေ့ရှိသည်။ ဘကြီးမှုန်သည် စကားပြောကောင်းခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ အကြားအမြင် ဗဟုသုတများခြင်းတို့ကြောင့် ဘကြီးမှုန်ပြောသော စကားများမှာ စိတ်ဝင်စားစရာ ကောင်းသည့်အပြင် ပညာလည်းရသည်။ အမျိုးမျိုးလည်းပြောသည်။ ယနေ့ ညနေစောစောတွင်လည်း ဘကြီးမှုန်အိမ်ရှေ့ ကွပ်ပျစ်တွင် လူငယ်လူရွယ်တစ်စု စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်။ ထိုစကားဝိုင်းတွင်းသို့ ဘကြီးမှုန် ရောက်ရှိသွားသောအခါ-

BURMESE CLASSIC .com

ဘကြီးမှုန် - မောင်ညိုတို့ ဘာတွေ စကားအငြင်းပွား ဖြစ်နေကြတာလဲ။

မောင်ညို - သတင်းစာထဲမှာ မြန်မာအားကစားသမားတွေ ဆုရလာတာ အားရစရာကောင်းတဲ့အကြောင်း ပြောနေကြတာပါ အဘရာ။ ပြေးခုန်ပစ် ၊ ဘောလုံးတွေမှာ ဆုတွေရလာကြတယ်။ ဆုရလာတဲ့ အားကစားသမားတွေက ငယ်ငယ်လေးတွေ ဘဲ။ ဒါကိုအားကျပြီး ပြောနေကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com


ဘကြီးမှုန် – အေးပေါ့ကွယ်၊ နိုင်ငံကဂုဏ်ယူရတာပေါ့။ နိုင်ငံရဲ့ သားကောင်းသမီးကောင်းတွေပဲ။ ဒါကိုအတုယူ အားကျသင့်တယ်။ သူတို့လိုဖြစ်အောင် ကြိုးစား သင့်တယ်။

မြမောင် – နေပါအုံးဘရဲ့။ အားကစားတော်တာနဲ့ နိုင်ငံသား ကောင်းဖြစ်ရောလား။ တခြားလူတွေကတော့ နိုင်ငံသားကောင်း မဟုတ်ဘူးလား။

ဘကြီးမှုန် – အေးပါ။ ငါကလဲအားလုံးခြုံပြီး ပြောတာပါ။ အားကစား တစ်ခုထဲတော်မှ မဟုတ်ပါဘူး။ ဘယ်သူမဆို ကိုယ့်ရပ်ရွာကို ချစ်တတ်မယ်။ ကိုယ့်အမျိုးအပေါ် သစ္စာရှိမယ်။ ရိုးသားမယ်။ ကြိုးစားမယ်၊ ဝီရိယရှိမယ်၊ စည်းကမ်း ရှိမယ်၊ ကိုယ်အားဉာဏ်အားရှိသလောက် တိုင်းပြည် အတွက် ရပ်ရွာအတွက် အလုပ်လုပ်ကြမယ် ဆိုရင် လူကောင်းသူကောင်း၊ တစ်နည်းအားဖြင့် နိုင်ငံသားကောင်းလို့ ပြောနိုင်တာပေါ့ကွ။ တို့ရွာ မှာတောင် မင်းတို့လူငယ်တွေ စုပေါင်းပြီး စာကြည့်တိုက် ထောင်ကြတယ်မို့လား။ ခုဆို တော်တော်တောင် အောင်မြင်နေပြီ။ စာဖတ်တဲ့သူ များလာပြီ။ စာဖတ်တဲ့သူများလာတော့ အကြား အမြင်များပြီး လုပ်ငန်းတွင်ကျယ်လာတာပေါ့။ သူများညာတာ မခံရတော့ဘူးပေါ့။ ဒို့ဘိုးဘွား တွေ လက်ထက်ကတည်းက ရွာသားအချင်းချင်း စည်းစည်းလုံးလုံးနဲ့ ရင်ကျိုးရွာကျိုးတွေလုပ်ခဲ့လို့ မပျင်းမရိ ကြိုးစားခဲ့လို့ ဒို့ရွာသက်တမ်းရှည် ခဲ့တယ်။ ကဲ–မင်းတို့ လက်ထက်ကျတော့လဲ

www.burmeseclassic.com

www.burmeseclassic.com

မင်းတို့ခေတ်လူငယ်ပညာတတ်တွေက ရိုးရိုးသားသား ကြိုးကြိုးစားစား ကိုယ့်လုပ်ငန်း သူ့လုပ်ငန်း ဆောင်ရွက်ခဲ့ကြလို့ ဒို့ရွာအခုလို တိုးတက် နေတာပေါ့။ ဒီလိုပဲရွာတိုင်း၊ မြို့နယ်တိုင်း တိုးတက်လာရင် တိုင်းပြည်ကြီး ဖွံ့ဖြိုးတိုးတက်လာတာပဲပေါ့ကွဲ့။ ရပ်ရွာတိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်တဲ့သူ၊ သစ္စာရှိတဲ့သူ၊ ဆင်းရဲတာ ချမ်းသာတာမမှုဘဲ တိုင်းပြည်အတွက် မဆုတ်မနစ် ကြိုးစားသူတိုင်းဟာ နိုင်ငံသားကောင်းတွေ ဘဲပေါ့။ မှတ်ထားကြနော်။ မင်းတို့လဲနိုင်ငံသားကောင်းတွေ ဖြစ်ကြပါစေ။ နိုင်ငံသားကောင်း ဖြစ်အောင် ကြိုးစားကြဖို့လိုတယ်နော်။

လူငယ်များ - ဟုတ်ကဲ့ပါ အဘရာ။ ကျွန်တော်တို့ လူကောင်းသူကောင်းဖြစ်အောင် ကြိုးစားကြမှာပါ။ ကဲ- ကျွန်တော်တို့ နက်ဖြန်ရွာကကျောင်းဆေါင်မိုး ပြင်ပေးဖို့ စီစဉ်စရာရှိတာ စီစဉ်ဖို့ သွားလိုက်အုံး မယ်နော် အဘ။

ဘကြီးမှန် - အေးအေး၊ ကောင်းပါပြီကွယ်။ လူလေးတို့ ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။

လုပ်ငန်း ၃။ အောက်ပါမေးခွန်းများကို ပြော၍ဖြစ်စေ၊ ရေး၍ ဖြစ်စေ ဖြေပါ။

(၁) ဘကြီးမှန်သည် မည်သူဖြစ်သနည်း။
(၂) မည်ကဲ့သို့သောသူကို နိုင်ငံသားကောင်းဟု ခေါ်နိုင်သနည်း။

www.burmeseclassic.com

www.burmeseclassic.com

(၃) မောင်ညိုတို့ရွာတွင် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်နေကြပါသနည်း။

## လုပ်ငန်း ၄။ နမူနာယူ စရာ နိုင်ငံသားကောင်းအကြောင်းဖတ်ခြင်း၊ မေးခွန်းများဖြေခြင်း။

၁။ ဖတ်ပါ။

အနော်ရထာသည် ပုဂံခေတ်တွင် ထင်ရှားခဲ့သော မင်းတစ်ပါးဖြစ်သည်။ အနော်ရထာသည် ပထမမြန်မာနိုင်ငံကို စည်းရုံးတည်ထောင်ခဲ့သူ ဖြစ်ပါသည်။ အနော်ရထာမင်း နန်းမတက်မီအချိန်က ပုဂံ၌ နတ်နဂါးနှင့် အရည်းကြီး စသည့် မဟုတ်မှန်သော ကိုးကွယ်မှုများ၊ အယူများ လွှမ်းမိုးနေခဲ့သည်။ အနော်ရထာမင်းကြီးသည် ရှင်အရဟံ၏ အကူအညီဖြင့် အရည်းကြီးအယူကို ဖယ်ရှား၍ စစ်မှန်သောဗုဒ္ဓဝါဒကို တစ်ပြည်လုံးကိုးကွယ်စေသည်။ အနော်ရထာမင်းကြီးသည် ပုဂံ၌သာမက ရောက်လေရာအရပ်တိုင်းတွင် ဘုရားများတည်ခဲ့သည်။ ထိုဘုရားများအနက် ရွှေစည်းခုံဘုရားသည် အထင်ရှားဆုံးဖြစ်သည်။ အနော်ရထာမင်းကြီးသည် သာသနာတော် ပြန့်ပွားစေရန်သာမက မြန်မာနိုင်ငံ၏ စီးပွားတိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်တိုးတက်ရေးအတွက် ဆည်မြောင်းများတူးဖော်ခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ အနော်ရထာမင်းလက်ထက် မြန်မာနိုင်ငံသည် သာသနာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတော်သည် သာယာဝပြောခဲ့ပါသည်။

www.burmeseclassic.com

၂။ မေးခွန်းများကို ပြော၍ဖြေစေ၊ ရေးသား၍ဖြေစေ ဖြေပါ။

(၁) အနော်ရထာမင်းကြီးသည် မည်သည့်ခေတ်တွင် ထင်ရှားခဲ့သောမင်း ဖြစ်ပါသနည်း။

(၂) အနော်ရထာမင်းသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် မည်သည့် လုပ်ငန်းများကို ဆောင်ရွက်ပါသနည်း။

၃။ သင်၏ရပ်ကွက်/ရွာ၌ မည်သည့်လူငယ်တစ်ဦးက ရိုးရိုးသားသားနှင့် ကြိုးစားလျက်နေပါသနည်း။

၄။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

အနုပညာ ၊ စည်ပင် ၊ မြို့တော် ၊ ပြတိုက် ၊ ဂုဏ်ယူ ။

www.burmeseclassic.com

# အခန်း(၃)
# ဘိုးဘွားအမွေထိန်းသိမ်းကြစို့

လုပ်ငန်း ၅။ ဘိုးဘွားအမွေအနှစ်ဖြစ်သော မိုးရာသီဓလေ့ထုံးစံများကိုထိန်းသိမ်းရန်လိုအပ်ကြောင်း ဆွေးနွေးခြင်းနှင့် မေးခွန်းများဖြေခြင်း

၁။ ဖတ်ပါ။

ယနေ့ညနေခင်း မိုးမရွာသောကြောင့် ရာသီဥတု သာသာယာယာရှိပါသည်။ ထို့ကြောင့် မောင်ညိုတစ်ယောက် မြို့မှအပြန်ဝယ်ခဲ့သော လက်ဆောင်လေးများယူ၍ ဘကြီးမှုန်အိမ်ဘက်သို့ လျှောက်လာခဲ့ပါသည်။ ဘကြီးမှုန်၏ အိမ်ရှေ့ကွပ်ပျစ်တွင် ဖိုးနီတို့ ကာလသားတစ်သိုက် ရောက်နှင့်နေပြီး စကားဝိုင်းဖွဲ့နေကြသည်ကို မြင်ရသည်။ အိမ်ဝိုင်းထဲသို့ မောင်ညိုဝင်လာသည်ကို မြင်သည်နှင့် ဘမောင်က-

BURMESE CLASSIC .com

ဘမောင် - ဟော-ဟိုမှာမောင်ညိုမြို့ကပြန်လာပြီ။ ဘာစားစရာတွေ ပါလာသလဲဟေ့။ မင်းကို ငါတို့မျှော်နေတာ အတော်ပဲ။ မင်းပါလာတဲ့မုန့်စားလိုစား၊ စကားလဲပြောကြတာပေါ့။

ဘကြီးမှုန် - နေကြစမ်းပါအုံး။ မင်းတို့က တယ်လောသကိုး။ မောင်ညို ဖြင့်မထိုင်ရသေးဘူး။ ဟဲ့မောင်ညို ထိုင်၊ ထိုင်၊ မင်းလာတာအတော်ပဲ။ မြို့မှာ ဘာတွေထူးသလဲ ပြောစမ်းပါအုံး။

www.burmeseclassic.com

www.burmeseclassic.com

မောင်ညို – မြို့က မနေ့ညကပဲ ရောက်တယ်အဘရေ။ ဒီတစ်ခေါက် မြို့တက်ရတာ မျက်စိထဲမှာ အဆန်းချည်းပဲ။ မြို့မှာ အဆောက်အဦးအသစ်၊ လမ်းအသစ်၊ ပန်းခြံအသစ် တွေနဲ့အဘရယ်၊ မျက်စိကို လယ်နေတာပဲ။ ဒီကြားထဲ မျက်စိနောက် စရာတွေကတော့ ခုခေတ်မြို့ကလူငယ်တွေ ဝတ်စားတာပေါ့။ မိန်းကလေးတွေကလဲ ဖိုရှိဖားရား၊ ယောကျ်ားလေးတွေကလဲ ကိုရှိကားရား၊ ကြည့်ရတာ ယောကျ်ားမိန်းမ ခွဲလို့မရပါဘူး ဆရာ။ ကျွန်တော်ဖြင့် အဲဒါတွေကြည့်ပြီး မျက်စိနောက်တယ်။

BURMESE CLASSIC .com

အမောင် – ဟကောင်ရ။ အဲဒါတွေကကြည့်လို့ကောင်းတာ ပေါ့ဟ။ ငါဖြင့်ဗွီဒီယိုထဲမှာတွေ့တဲ့ ကောင်မလေးတွေကလှမလှ၊ ချောမှချော။

အကြီးမှုန် – အဲဒါပေါ့၊ မင်းတို့ကိုပြောချင်နေတာ။ ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကလဲ ဒီလိုဝတ်စားဆင်ယင်ကြဖူးတယ်။ ဒါတွေဟာရိုးရာယဉ်ကျေးမှုနဲ့ မကိုက်ညီလို့ အတုမခိုးသင့်ဘူး။ ဒါနဲ့မေးရအုံးမယ်။ ရိုးရာယဉ်ကျေးမှုဆိုတာ မင်းတို့သိကြရဲ့လား။

မိုးနီ – ဝတ်စားဆင်ယင်တာတို့၊ ထုံးတမ်းစဉ်လာတွေကို ယဉ်ကျေးမှု ခေါ်တာပေါ့ဘရဲ့။

အကြီးမှုန် – အေး၊ မင်းပြောတာမမှားပါဘူး။ ဒါပေမဲ့ မပြည့်စုံဘူး။ မင်းတို့နားလည်အောင်ပြောရမယ်ဆိုရင် ယဉ်ကျေးမှုဆိုတဲ့နေရာမှာ နေထိုင်ပုံအိမ်၊ စားမှုသောက်မှု၊ ဘာသာရေး၊ စာ၊ စကားအသုံးအနှုန်း၊

www.burmeseclassic.com

www.burmeseclassic.com


နေမှုထိုင်မှု၊အသက်မွေးဝမ်းကျောင်းတွေ၊ အတွေးအခေါ်အယူအဆတွေ၊ ဒါတွေအားလုံး ခြုံပြီးတော့ယဉ်ကျေးမှုလို့ခေါ်တယ်။ဆိုကြပါစို့။ တို့မြန်မာနိုင်ငံမှာတို့သုံးတဲ့စာက မြန်မာစာ၊ တို့ပြောတာကမြန်မာစကား၊တို့မြန်မာဝတ်စားဆင်ယင်မှု၊တို့ကိုးကွယ်တဲ့ဗုဒ္ဓဘာသာ၊ဒါတွေကိုအားလုံးခြုံပြီးမြန်မာ့ယဉ်ကျေးမှုလို့ခေါ်တာပေါ့။

ပြီးတော့တစ်ခါ တို့နိုင်ငံမှာက တိုင်းရင်းသား လူမျိုးအမျိုးမျိုး ရှိသလိုတိုင်းရင်းသားလူမျိုးအလိုက်ဝတ်စားဆင်ယင်မှုကိုးကွယ်တဲ့ဘာသာပြောတဲ့စကား၊ အသက်မွေးဝမ်းကျောင်းမှုတွေအမျိုးမျိုးကွဲပြားကြတယ် မဟုတ်လား။ ဒါတွေကိုတိုင်းရင်းသားရိုးရာဓလေ့ထုံးစံတွေလို့ ပြောလို့ရတယ်။မြန်မာနိုင်ငံမှာရှိတဲ့နိုင်ငံသားတိုင်းမိဘဘိုးဘွားလက်ထက်က ကျင့်သုံးလာတဲ့ ကောင်းတဲ့အတွေးအခေါ် အယူအဆ၊ ဓလေ့ထုံးစံ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ သက်မွေးဝမ်းကျောင်းမှုတွေကို ဆက်ပြီးလက်ခံကျင့်သုံးရမယ်။ တစ်ဦးရဲ့ ယဉ်ကျေးမှု အယူအဆတွေကိုတစ်ဦးက လေးစားလိုက်နာကြရမယ်။ ကောင်းတဲ့စိတ်ဓာတ်အမွေတွေကို မင်းတို့ရဲ့ သားသမီးတွေဆီမှာ ပျိုးထောင်ပေးရမယ်။ ဒါတွေအားလုံးကိုခြုံပြီး ယဉ်ကျေးမှုအမွေ ထိန်းသိမ်းကြ တယ်လို့ခေါ်တယ်။ဝတ်တာစားတာတစ်ခုထဲမှမဟုတ်ဘူး။အဲဒါမှတ်သားထားကြ။ ကိုင်း ဒါလဲ စကား

www.burmeseclassic.com

ပြောတာ တော်တော်မော သွားပြီ။ ဘုရားဝတ်ပြုဖို့ရှိသေးလို့ မင်းတို့လည်းပြန်ကြတော့။ နောက်နေ့တွေမှာဆက်ပြီးပြောကြသေးတာပေါ့။

လူငယ်များ။ ။ ကောင်းပါပြီဘဘ။ နောက်နေ့တွေမှာလဲ ကျွန်တော်တို့ကို ဗဟုသုတရအောင်ပြောပြပါအုံး။ ကိုင်းကျွန်တော်တို့လဲ ပြန်ပါအုံးမယ်။

<u>အောက်ပါမေးခွန်းများကို ပြော၍ဖြစ်စေ၊ ရေးသား၍ဖြစ်စေဖြေဆိုပါ။</u>

(၁) မြို့တွင်မောင်ညိုသည်မည်သည့်အရာကိုများတောင်တွေ့မြင်ခဲ့ရသနည်း။

(၂) ယဉ်ကျေးမှုဆိုသည်မှာမည်သည်တို့ကိုခေါ်ပါသနည်း။

(၃) သင်၏မြို့နယ်တွင်မည်သည့်ရိုးရာပွဲတော်တစ်ခုကိုကျင်းပပါသနည်း။

BURMESE CLASSIC .com

လုပ်ငန်း ၇။ ။ - <u>နိုင်ငံတွင်ထင်ရှားသောနေရာများအကြောင်း ဆွေးနွေးခြင်း၊ မေးခွန်းများမေးခြင်း။</u>

၁။ <u>ဖတ်ပါ</u>။

၁၂၆၇ ဝဂုလမ်း
မန္တလေးမြို့
၁၃၃၅ခု၊တော်သလင်းလဆန်း(၁)ရက်

သူငယ်ချင်းမောင်ညို

သူငယ်ချင်းထံ သတိတရ စာရေးလိုက်ပါတယ်။ သူငယ်ချင်းတို့တစ်အိမ်သားလုံးကျန်းမာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ မင်းကျောင်းတက်ရတာအဆင်ပြေပြီလားတော့၊ တို့လဲကျောင်းတက် နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခုတစ်နှစ်ခွဲ ကျောင်းအားရက်မှာ မင်းဆီစာရေး လိုက်တာပါ။ ပြီးခဲ့တဲ့ နွေရာသီကျောင်းပိတ်ရက်တုန်းကတို့ မိသားစု ပုဂံဘုရားဖူးသွားခဲ့တဲ့ အတွေ့အကြုံ မင်းကိုဖောက်သည်ချချင်လို့ မင်းဆီ စာရေးလိုက်တာပါ။

ပုဂံမြို့ကို ဘုရားဖူးယာဉ်နဲ့ သွားကြတယ်။ ပုဂံမြို့က မန္တလေးတိုင်း ညောင်ဦး မြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းပေါ်မှာရှိတဲ့ မြို့ပေါ့။ ပုဂံမြို့ဟာဒို့မြန်မာလူမျိုးတွေရဲ့ အစမ်းအနားဆုံးရှေးဟောင်းမြို့တော်ကြီး ဖြစ်ခဲ့တယ်။လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်က တည်ခဲ့တဲ့မြို့တော်ကြီးပေါ့။ မြန်မာစာပေနှင့်မြန်မာယဉ်ကျေးမှုအနုပညာတွေဟာပုဂံကတစ်ဆင့် ဖွံ့ဖြိုးလာခဲ့တယ်လို့ သိရတယ်။

ပုဂံမြို့ဟောင်းအဝင်မှာသရပါတံခါးနှင့်ဒုတ်မြို့ရိုးဟောင်း ကိုတွေ့ခဲ့ရတယ်။အနော်ရထာ၊ကျန်စစ်သား၊အလောင်းစည်သူစတဲ့မင်းကောင်းမင်းမြတ်တွေဟာပုဂံပြည်ကြီးမှာနန်းစိုက်ပြီးနိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့ကြတဲ့အတွက် ရှေးခေတ်ပုဂံပြည်ကြီးဟာအလွန်စည်ပင် သာယာခဲ့တယ်ဆိုတာသိရတယ်။ပြီးတော့အဲဒီမင်းတွေတည်ခဲ့တဲ့ ဘုရားတွေပုဂံမှာ အများကြီးဘဲ။ အခုလည်း ဘုရားစေတီပေါင်း ငါးထောင်လောက် ရှိသေးတယ်လို့ ခန့်မှန်းသိရပါတယ်။ နိုင်ငံတော် အစိုးရ နဲ့ပြည်သူတွေက ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူကြီး၊ ဂေါ်တော့ပလ္လင်၊ ဓမ္မရံကြီး၊ ထီးလိုမင်းလိုနဲ့ ရှုစားဖွယ်ကောင်းတဲ့ဘုရားတွေကိုဖူးရတော့ မမောနိုင် မပန်းနိုင်ပါဘဲ သူငယ်ချင်း။ ပြီးတော့ဘုရားလဲဖူးရင်းပုဂံခေတ်နံရံဆေးရေးပန်းချီတွေ၊ဗိသုကာ လက်ရာတွေ၊ပန်းတမော့လက်ရာ၊ဖြူးပန်းဖြူးနွယ် တွေကိုပါ လေ့လာခဲ့ ရတာ အားရစရာကြီးပါပဲကွာ။မြန်မာ့ပုဂံပြည်တိုက်နဲ့ ယွန်းထည်ထုတ် လုပ်တဲ့ကျောင်းကိုဝင် လေ့လာခဲ့ သေးတယ်။ ပုဂံအကြောင်း ရေးရရင် စာရွက်သာကုန်မယ်။ ရေးလို့ပြီးမှာမဟုတ်ဘူး သူငယ်ချင်း။ တို့မေမေက ပုဂံနဲ့ပတ်သက်ပြီး လေ့လာစရာတွေအများကြီးရှိသေးတယ်လို့ ပြောတယ်။

www.burmeseclassic.com

ပုဂံမြို့ဟောင်းကိုလေ့လာရင်းရှေးခေတ်ပုဂံပြည်သားတွေရဲ့ ယဉ်ကျေးမှု အနုပညာတွေကိုအံ့ဩလို့မဆုံးဖြစ်တော်နိုးဂုဏ်ယူလို့မဆုံးပါဘူး သူငယ်ချင်း ရေ။ ဒီယဉ်ကျေးမှု အမွေအနှစ်တွေကို တို့တတွေဆက်ထိန်းဖို့ လိုတယ်လို့ တို့ဖေဖေက ပြောပြတယ်။ ဘာဘဲပြောပြော ဒီနွေရာသီမှာ ဘုရားလဲဖူးရ၊ ဗဟုသုတလဲရတော့ ပျော်စရာသိပ်ကောင်းပါတယ်။ နောက်နှစ် နွေမှာလဲ ရှမ်းပြည်တောင်ကြီးဘက်သွားလေ့လာ မယ်လို့ တို့ဖေဖေကပြောတယ်။ မင်းလိုက်နိုင်အောင် ကြိုးစားပါနော်။ ဒါပါဘဲ သူငယ်ချင်း။

ကျန်းမာပါစေ။

သူငယ်ချင်း

BURMESE CLASSIC .com

မောင်အေးဝင်း

၂။ <u>အောက်ပါမေးခွန်းများကို ပြောဆိုဖြေစေ၊ ရေးသားဖြေစေ ဖြေပါ။</u>

(က) ပုဂံမြို့ကို တည်ခဲ့သည်မှာ နှစ်ပေါင်းမည်မျှကြာခဲ့ပါသနည်း။
(ခ) ပုဂံမြို့သည် မည်သည့်မြစ်အနီး၌ ရှိပါသနည်း။
(ဂ) ပုဂံမြို့၌ ဘုရားစေတီ အရေအတွက် မည်မျှရှိပါသေးသနည်း။
(ဃ) ပုဂံမြို့ဟောင်းအဝင်၌မည်သည့်အရာတို့ကိုတွေ့ရပါ သနည်း။
(င) ပုဂံမြို့ဟောင်း၌ မည်သို့သော မင်းကောင်းများပေါ်ထွန်းခဲ့ပါသနည်း။
(စ) ပုဂံမြို့ကိုရောက်သော်ဘုရားများဖူး၍သာမကမည်သည့်အရာများကိုလေ့လာနိုင်ပါသနည်း။
(ဆ) ဤပုဂံမြို့ကို မည်သူတို့က ထိန်းသိမ်းစောင့်ရှောက်ရပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

## အတွက်အချက်များ

လုပ်ငန်း ၇။ ပုစ္ဆာမှန်သမျှ ဖြေရှင်းကြ

တွက်ပါ။

၁။ မိတ္ထီလာနယ်တွင်စပါးစိုက်ပျိုးသောမြေဧကပေါင်း(၁၂၅၆)ဧကရှိသည်။ မြေပဲစိုက်သောဧကပေါင်း(၁၂၀၀)ဧကရှိသည်။အခြားသီးနှံ စိုက်သောဧကပေါင်း(၁၀၈၀)ဧကရှိသည်။ထိုနယ်တွင်စိုက်ပျိုး နိုင်သောမြေဧကပေါင်းမည်မျှ ရှိသနည်း။

၂။ တိုင်းတစ်တိုင်းရှိပထမမြို့နယ်တွင်လူဦးရေ၅၆၅၇၉ ယောက်ရှိသည်။ ဒုတိယမြို့နယ်တွင် ၃၅၀၇၉ ယောက်ရှိသည်။ ပထမမြို့ နယ်ရှိ လူဦးရေက မည်မျှ ပိုသနည်း။

BURMESE CLASSIC .com

၃။ မြိုင်သာရွာမှ တောင်သူဦးကြီးများအတွက်စိုက်ပျိုးစရိတ် ချေးငွေစုစုပေါင်း(၁၅၀၆၇၅)ကျပ်ပေးၿပီ။ မြိုင်သာရွာတွင် တောင်သူ ဦးကြီးပေါင်း(၂၅)ယောက်ရှိသည်။ တောင်သူဦးကြီးတစ်ဦးစီရသော စိုက်ပျိုးရေးစရိတ်ချေးငွေမည်မျှနည်း။

၄။ အောက်ပါကုန်ပစ္စည်းများအတွက် ကုန်စာရင်းပြုလုပ်ပေးပါ။

(၁) တစ်ပြည်လျှင် ၅၀ကျပ်တန်မြေပဲ ၆ ပြည်။

(၂) တစ်ပြည်လျှင် ၂၅ ကျပ်တန် ပဲကြီး ၇ ပြည်။

(၃) တစ်ပိဿာလျှင် ၂၀ ကျပ်တန် ပဲနီလေး ၁၂ ပိဿာ။

(၄) တစ်ပိဿာလျှင် ၁၆ ကျပ် တန် ကြက်သွန်နီ ၅ ပိဿာခွဲ။

(၅) တစ်ပိဿာလျှင် ၄၀၀ ကျပ်တန် ပဲဆီ ၇ ပိဿာ။

www.burmeseclassic.com